တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၉) ရက်မြောက်နေ့အစီအစဉ်

(၁၆ - ၁၁ - ၂၀၂၆) (တနလၤာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာ-နောင်ဘိုအိုး- ကံကြီး ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) နန်းကျင်း(ခ)နန်းစိန်၊ တောင်ကြီးမဲဆန္ဒနယ်၏ **အမျိုးသမီးထု၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများ ချမှတ်ထားရှိမှုနှင့် (IDP) စခန်းများရှိ အမျိုးသမီးများ၏လုံခြုံရေးအတွက် အရေးပေါ်စီမံကိန်းများ မည်သို့ ချမှတ်ထားသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးသန်းထွန်းဦး၊ ကျိုင်းတုံမဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ လွယ်မွေဒေသရှိ ကျေးရွာပေါင်း (၁၉)ရွာတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် နောင်လျန်လျှိုပိတ်တမံ တည်ဆောက်ပေးရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်၏ **ကလေးခရိုင် ပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်၏ **ကော့မှူးမြို့နယ်၊ ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊ စားရိပ်သာနှင့် အိမ်သာတို့အား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်၏ **ပြင်းထန်အယ်နီညို ဖြစ်ပေါ်နေသည့် ကာလအတွင်း ရာသီဥတုဆိုးရွားစွာ ပြောင်းလဲဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြု ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြော်ငြာထုတ်ပြန်မည့် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန်၊ ဓာတ်လှေကားနှင့် Oxygen Plant တို့အား အမြန်ပြုပြင်လဲလှယ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်၏ **ထန်းတပင်မြို့နယ်၊ မရွေ့ကျေးရွာအနီးတွင် မြေနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦလှူဒါန်းမည် ဖြစ်ပါသဖြင့် ခွင့်ပြုမိန့်၊ ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့် ပစ္စည်းအင်အား ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ **မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံအသစ်တစ်လုံးအား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်၊ ပြည်တောင်တန်းရေနံမြေ– ကွေ့မအုပ်စုဆိပ်ကမ်း လမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးသန်းရွှေ၊ သံဖြူဇရပ်မဲဆန္ဒနယ်၏ **မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းစက်လှေများအတွက် စက်သုံးဆီကို တစ်မြို့နယ်လျှင် တစ်ဆိုင် သီးသန့်ရောင်းချပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးစိုင်းကံ၊ မိုင်းရှူးမဲဆန္ဒနယ်၏ **မိုင်းရှူးမြို့ရှိ နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအတွက် RC(၄)ထပ်ဆောင် (၁)လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဍ) ဦးရန်ကျော်၊ မက်မန်းမဲဆန္ဒနယ်၏ **မက်မန်းမြို့တွင် အရာထမ်းအိမ်ရာ (၁)လုံးနှင့် အမှုထမ်းအိမ်ရာ (၂)လုံးတို့အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဎ) ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်၏ **အောင်လံခရိုင်အတွင်း ရန်ကုန်- ပြည်- မန္တလေးလမ်းပိုင်းများအား စာချုပ်ပါအတိုင်း မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ပျက်စီးနေသည့်လမ်းပိုင်းများအား အမြန်ဆုံးပြုပြင်နိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဏ) ဦးစိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး (၃)မိုင်အား အဆင့်မြှင့်တင်ပေးရန်နှင့် လမ်းပုခုံးသားများ ပြုပြင်ခဲ့ထွင်ပေးပါရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။